
Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.com

Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.com

## တောင်ပေါ်၌ယေရှုဆုံးမသြဝါဒပေးခြင်း 2.13

## မဿဲ ၅-၇

လူတွေအတူတကွစုဝေးပြီးတော့ ရှိနေတဲ့နေရာတိုင်းမှာ သူတို့ကို ယေရှုဟာ ဆုံးမသြဝါဒပေးပြီး သွန်သင်ပေးချင်တယ်။ တခါတရံမှာ သူဟာ လေပေါ်မှာမတ်တပ်ရပ်တယ်။ တခါတရံမှာတော့ သူဟာတစ်စုံတယောက်ရဲ့အိမ်ထဲမှာ လူအများကို ဟောပြောတတ်တယ်။ တစ်နေ့မှာ တောင်ပေါ်မှာ သြဝါဒပေးဖို့ သူရွေးချယ်ခဲ့ပါတယ်။ လူအများကြီးအတွက် နေရာအကျယ်ကြီးဖြစ်တယ်။ သူတို့တွေအတွက် အရေးကြီးတဲ့အရာကို သူပြောမှာဖြစ်တယ်။

ပထမဆုံး၊ သူတို့ကို ဘုရားသခင်က ဘယ်လိုမင်္ဂလာရှိစေချင်ကြောင်းကို ယေရှုကသွန်သင်တယ်။ ဒီလိုသူပြောခဲ့တယ်။ "ဆင်းရဲသောသူ တွေဟာ သူ့ကိုလိုအပ်တယ်လို့နားလည်မယ်ဆိုရင် သူတို့ဟာ မင်္ဂလာ(ပျော်ရွှင်စေ) ရှိကြတယ်" လို့ သူပြောခဲ့တယ်။

ဝမ်းနည်းကြေကွဲသူတို့ဟာ ဘုရားသခင်ရဲ့နှစ်သိမ့်ပေးခြင်းကိုခံရတဲ့အတွက် မင်္ဂလာရှိကြတယ်။
သူတပါးအပေါ် သနားကြင်နာတတ်သူတို့ဟာ ဘုရားသခင်ရဲ့သနားကြင်နာခြင်းကိုခံရတဲ့အတွက် မင်္ဂလာရှိကြတယ်။
ခိုက်ရန်မပြုဘဲ ငြိမ်းချမ်းဖို့စောင့်ထိန်းသူဟာ ဘုရားသခင်ပေးတဲ့ဝမ်းမြောက်ခြင်းကိုခံရတဲ့အတွက် မင်္ဂလာရှိကြတယ်။
သူတို့ဘယ်လိုဆုတောင်းရမလဲဆိုတာကိုလည်း ယေရှုကသင်ပေးခဲ့တယ်။ "ဒီလိုဆုတောင်းပါ" လို့ သူပြောခဲ့တယ်။ "ကောင်းကင်ဘုံ၌ ရှိတော်မူသောကျွန်ုပ်တို့အဖ၊ ကိုယ်တော်ဟာဘယ်သူဖြစ်တယ်ဆိုတာကို သိစေပါ။ ကောင်းကင်ပေါ်မှာ ကိုယ်တော်အကောင်းဆုံးလုပ် သလို မြေကြီးပေါ်မှာလည်း ပြုတော်မူပါ။ နေ့စဉ်စားဖို့လုံလောက်စွာပေးသနားပါ။ ကျွန်ုပ်တို့ကိုခွင့်လွှတ်ပေးသလို သူတပါးကိုခွင့်လွှတ် ပေးနိုင်ဖို့ ပြုသတော်မူပါ။ မကောင်းသောအမှုများမှ ကင်းဝေးစေပါ။ အသက်ရှိသူအားလုံးကို အစိုးရသောဘုရား၊ ကိုယ်တော်ဟာ အရာအားလုံးကို တတ်စွမ်းနိုင်ပါတယ်။"

သူတို့အတွက်ခက်ခဲတဲ့အရာတချို့ကိုလုပ်ဖို့ ယေရှုကပြောခဲ့တယ်။ ကျွန်ုပ်တို့ရဲ့ရန်သူကိုချစ်ပါလို့ သူပြောခဲ့တယ်။ အဲဒီအရာက အရမ်းခက်ခဲတဲ့အရာဖြစ်တယ်။ ကိုယ့်ကိုမုန်းနေတဲ့သူတွေအပေါ်ကောင်းတာနဲ့ပြန်တုံ့ပြန်ဖို့ သူပြောတယ်။ ကိုယ့်အပေါ် မကောင်းပြု တဲ့သူတွေအပေါ်မှာ ကောင်းကျိုးသာရောက်ဖို့မျှော်လင့်ပြီး သူတို့ကိုလည်း ဆုတောင်းပေးပါ။ ယေရှုဆီကသင်ယူရတဲ့အရာ အတော် ခက်ခဲတယ်နော်။ ဒါပေမယ့် ဒီအရာတွေကိုလုပ်မယ်ဆိုရင် ကျွန်ုပ်တို့ဟာ ကောင်းကင်ဘုံအဖဘုရားသခင်နဲ့ တူသွားမယ်လို့ သူက ပြောပါတယ်။

သူတို့ဘဝမှာ စိုးရိမ်စရာတွေနဲ့ကြုံတဲ့အခါ ဘာလုပ်ရမလဲဆိုတာကိုလည်း ယေရှုကသင်ကြားပေးခဲ့ပါတယ်။ သင်လည်း တစုံတခု အတွက် စိုးရိမ်မှုတွေ ကြုံဖူးပါသလား? အဲဒီအရာအတွက်လည်း ယေရှုမှာ အဖြေရှိပြီးသားဖြစ်ပါတယ်။ ဘုရားသခင်ဟာ ဖန်ဆင်း ထားတဲ့အရာတွေအပြင် ကျွန်ုပ်တို့ကိုလည်း ဘယ်လိုဂရုစိုက်တယ်ဆိုတဲ့ဥပမာတွေ ယေရှုဆီမှာရှိပြီးသားဖြစ်ပါတယ်။

- "ကောင်းကင်ပေါ်က ငှက်တွေကိုကြည့်ပါ။ သူတို့ဟာ မျိုးစေ့ကိုမကြဲ၊ သီးနှံတွေကိုမစုသိမ်းဘဲ သူတို့အတွက် စားစရာ အမြဲရှိတယ်" လို့ ယေရှုပြောတယ်။ အဲဒါအံ့သြဖို့မကောင်းဘူးလား။ သူတို့အစာရှာဖို့ ဘုရားကအမြဲပြသပေးတယ်။ ကျွန်ုပ်တို့ဟာ အဲဒီငှက်တွေထက်ပိုအရေးကြီးတယ်လို့ ယေရှုကပြောခဲ့တယ်။
- အဲဒီနောက် ယေရှုကသူ့နောက်လိုက်တွေကို ဆက်ပြောတယ်။ "ဝတ်ဖို့အတွက် စိုးရိမ်နေကြလား? ကွင်းပြင်မှာ ပေါက်နေတဲ့ ပန်းတွေကိုကြည့်ပါ။ သူတို့အနေနဲ့ သူတို့ဝတ်ဖို့အတွက် ဝတ်စရာကိုမရှာကြဘူး။ နေ့ရက်တိုင်း သူတို့ အလှဆုံးဖြစ်နေဖို့ ဘုရားသခင်က ထောက်ပံ့ပေးထားတယ်။
- နေ့ရက်တိုင်းကိုမျှော်လင့်ခြင်းနဲ့အသက်ရှင်နေခြင်းဟာ ဘုရားသခင်ကို ကျေနပ်စေတဲ့နည်းလမ်းဖြစ်တယ်လို့ အဲဒါ အရေးအကြီးဆုံးဖြစ်တယ်လို့ ယေရှုကပြောတယ်။ အဲလိုနေထိုင်မယ်ဆိုရင် နေ့ရက်တိုင်းအတွက် ကျွန်ုပ်တို့မှာ စိုးရိမ်စရာ မရှိတော့ပါဘူး။ ဘုရားသခင်က ကျွန်ုပ်တို့ကိုအမြဲ စောင့်ရှောက်ပေးနေပါတယ်။
- "မနက်ဖြန် ဘာဖြစ်လာမလဲလို့ မစိုးရိမ်နဲ့" လို့လူတွေကို ယေရှုကပြောတယ်။ "ပြဿနာတွေရောက်လာရင် ဘုရားသခင်က သင့်ကို ကူညီမစပါလိမ့်မယ်။"

အဲဒီနေ့က ယေရှုဟာ သြဝါဒအများကြီးပေးခဲ့တယ်။ သူ့သွန်သင်ခြင်းနဲ့ပတ်သက်ပြီး လူတွေဟာအတော်လေး အံ့သြခဲ့ကြ တယ်။ ဘာသာရေးခေါင်းဆောင်တွေဆီကနေ အဲလိုအရာတွေကို သင်ယူဖို့ခက်ခဲပါတယ်။ ဒါပေမယ့် ယေရှုဆီကနေ အလွယ်တကူ သင်ယူမှု ရခဲ့ကြပါတယ်။ ယေရှုပြောတဲ့အရာတွေဟာ သမ္မာတရားဖြစ်တယ်လို့ လူတော်က သိကြပါတယ်။

## တောင်ပေါ်၌ယေရှုဆုံးမဩဝါဒပေးခြင်း - ဆရာလမ်းညွှန် 2.13

## မဿဲ ၅-၇

## အဓိကအချက်များ

၁) ယေရှုဟာ တောင်ပေါ်မှာ လူအများကြီးကို ဆုံးမဩဝါဒပေးခဲ့တယ်။ သူမှာ ပြောစရာတွေအများကြီးရှိတယ်။ ပထမဆုံး သူသွန်သင်ပေးတဲ့အရာဟာ ဘယ်လိုနည်းနဲ့ဘုရားသခင်ကသူတို့ကို ဘယ်လိုနည်းနဲ့မင်္ဂလာ(ကောင်းချီး) ရှိစေချင်သလဲ ဆိုတာရယ်၊ သူတို့ကိုဘယ်လိုဝမ်းမြောက်စေချင်သလဲဆိုတာဖြစ်တယ်။ ဆင်းရဲသောသူတွေဟာ ဘုရားကိုလိုတယ်လို့ နားလည်ကြရင် ဘုရားသခင်ကမစပြီး၊ သူတို့ဟာမင်္ဂလာရှိတယ်။ ဝမ်းနည်းတဲ့သူတွေ၊ ကြင်နာတတ်တဲ့သူတွေ၊ ငြိမ်ချမ်းရေး လိုလားသူတွေကို ဘုရားသခင်ကကောင်းချီးပေး(မင်္ဂလာရှိ)ပါတယ်။

၂) ဘယ်လိုဆုတောင်းရမလဲဆိုတာကိုလည်း လူတွေကို ယေရှုကသင်ပေးခဲ့တယ်။ မြေကြီးပေါ်မှာ သူ့ရဲ့အကောင်းဆုံး အရာနဲ့ ကျွန်ုပ်တို့လိုအပ်တဲ့အရာကို ပေးဖို့သူ့ကိုကိုးစားနိုင်ဖို့ ဘုရားသခင်ကိုတောင်းလျှောက်သင့်တယ်။

၃) ယေရှုက သူတို့အတွက်ခက်ခဲတဲ့သင်ခန်းစာတွေကိုလည်း သင်ပေးခဲ့တယ်။ ကျွန်ုပ်တို့ရဲ့ရန်သူတွေကို ချစ်သင့်တယ်။ ကျွန်ုပ်တို့အပေါ်မကောင်းပြုသူတွေအပေါ် ကောင်းခြင်းသာပြန်ရဖို့ သူတို့ကိုမြင်ပေးသင့်တယ်။

၄) မစိုးရိမ်ကြဖို့ သူတို့ကိုယေရှုကပြောတယ်။ သူတို့လိုအပ်ချက်တွေကို ဘုရားသခင်က ဂရုစိုက်ပေးနေပါတယ်။ ငှက်တွေကို လည်းဂရုစိုက်ပြီး သူတို့အတွက်လိုအပ်တဲ့အစာကို ပြင်ဆင်ပေးတယ်။ ပန်းလေးတွေကိုလည်း လှပနေဖို့ဂရုစိုက်တယ်။ အဲဒီအရာတွေထက် ကျွန်ုပ်တို့ဟာ ပိုပြီးအရေးပါတဲ့သူတွေဖြစ်ပါတယ်။

၅) ယေရှုရဲ့သွန်သင်ချက်တွေကို လူတွေက အံ့အားသင့်ခဲ့ကြတယ်။ ယေရှုဟာ သမ္မာတရားကိုပြောတဲ့သူလို့ သူတို့သိထားတဲ့ အတွက်ကြောင့် သူတို့ဟာယေရှုရဲ့စကားကို နားထောင်ဖို့ ဆန္ဒရှိကြတယ်။

## မေးခွန်းများ

၁) တောင်ပေါ်မှာဆုံးမဩဝါဒပေးတဲ့အခါ ယေရှုက ဘယ်အရာကို ပထမဆုံးသွန်သင်ခဲ့ပါသလဲ?

၂) ဘယ်လိုဆုတောင်းသင့်တယ်လို့ ယေရှုပြောခဲ့သလဲ?

၃) ကျွန်ုပ်တို့ရန်သူတွေနဲ့ပတ်သက်ပြီး ယေရှုကဘာပြောခဲ့သလဲ?

၄) မစိုးရိမ်ကြဖို့ ဘာ့ကြောင့်ယေရှုပြောခဲ့တာလဲ?

၅) ယေရှုရဲ့သွန်သင်ခြင်းကို ဘာ့ကြောင့်လူတွေက နားထောင်ချင်ကြတာလဲ?

## အဖြေများ

၁) သူတို့ကိုဘယ်လိုကောင်းချီးပေးချင်သလဲဆိုတာကို တောင်ပေါ်မှာ ယေရှုက ပထမဆုံးသွန်သင်ခဲ့ပါတယ်။

၂) ကျွန်ုပ်တို့ဆုတောင်းတဲ့အခါ မြေကြီးပေါ်မှာအကောင်းဆုံးဖြစ်လာဖို့နဲ့ ကျွန်ုပ်တို့လိုအပ်ချက်နဲ့ပတ်သက်ပြီး သူ့ကိုကိုးစားကြဖို့ ဘုရားကိုဆုတောင်းကြပါလို့ ယေရှုကသွန်သင်ပါတယ်။

၃) ယေရှုက ကျွန်ုပ်တို့ရန်သူတွေကိုချစ်ရမယ်လို့ ပြောခဲ့ပါတယ်။

၄) ဘုရားသခင်က ငှက်တွေနဲ့ပန်းပင်တွေကိုတောင် ဂရုစိုက်တဲ့အတွက် အဲဒါတွေထက်ပိုပြီးအရေးကြီးတဲ့ကျွန်ုပ်တို့ကိုလည်း ဂရုစိုက်မယ်လို့ ယေရှုကပြောခဲ့ပါတယ်။

၅) ယေရှုပြောတဲ့အရာတွေဟာ သမ္မာတရားဖြစ်တယ်လို့ သူတို့သိတဲ့အတွက် လူတွေဟာ ယေရှုရဲ့ဆုံးမဩဝါဒကို နားထောင်ချင်ကြတာ ဖြစ်ပါတယ်။


Kids of Destiny
Reaching the Next Generation